ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကချင်ပြည်နယ်လွှတ်တော်

# ကချင်ပြည်နယ်

# ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်းဥပဒေ

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | ရည်ရွယ်ချက်များ | ၃ |
| ၃။ | ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း၊ယင်းကော်မတီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၄ |
| ၄။ | လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ လုပ်ငန်းတာဝန်များ | ၆ |
| ၅။ | လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် | ၇ |
| ၆။ | ငွေချေးသူ(မြီရှင်)၏ တာဝန်နှင့် အခွင့်အရေးများ | ၈ |
| ၇။ | ငွေချေးယူသူ(မြီစား)၏တာဝန်နှင့်အခွင့်အရေးများ | ၉ |
| ၈။ | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၁၀ |
| ၉။ | တားမြစ်ချက်များ | ၁၁ |
| ၁၀။ | ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၁၁ |
| ၁၁။ | အထွေထွေ | ၁၂ |

# ကချင်ပြည်နယ် ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်းဥပဒေ

(၂၀၁၅ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၇။)

၁၃၇၇ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်

(၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကချင်ပြည်နယ် ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) ပြည်နယ် ဆိုသည်မှာ ကချင်ပြည်နယ်ကို ဆိုသည်။

(ခ) အစိုးရအဖွဲ့ ဆိုသည်မှာ ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) ဝန်ကြီး ဆိုသည်မှာ ကချင်ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(ဃ) ဝန်ကြီးဌာနဆိုသည်မှာ ကချင်ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်း ဆိုသည်မှာ အခြေခံလူတန်းစား များအားဤဥပဒေအရသတ်မှတ်သောအတိုးနှုန်းဖြင့် အသေးစား

ငွေချေးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ငွေချေးခြင်းလုပ်ငန်းကို ဆိုသည်။

(စ) ကြီးကြပ်မှုကော်မတီ ဆိုသည်မှာ ပြည်နယ်အတွင်းရှိ ပုဂ္ဂလိက အသေးစားငွေချေးလုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲနိုင်ရန် နှင့် စီမံဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့က ဤ ဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

(ဆ) လုပ်ငန်းကော်မတီ ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့က ဤ ဥပဒေအရ ဖွဲ့စည်းထားသည့် ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(ဇ) အခြေခံလူတန်းစား ဆိုသည်မှာ ကျေးလက်နှင့်မြို့ပြနေ ဝင်ငွေ နည်းပါးသည့် တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် ဈေးသည်များအပါအဝင် ပြည်သူများကို ဆိုသည်။

(ဈ) အသေးစားငွေချေးခြင်း ဆိုသည်မှာ အခြေခံလူတန်းစားတိုင်းအား အာမခံပစ္စည်းပေးအပ်ရန်မလိုဘဲ ဤဥပဒေအရ သတ်မှတ်ထား သော အတိုးနှုန်းဖြင့် ငွေထုတ်ချေးခြင်း ကို ဆိုသည်။

(ည) လိုင်စင် ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးထားသော ပုဂ္ဂလိက အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ကို ဆိုသည်။

(ဋ) ငွေချေးသူ(မြီရှင်) ဆိုသည်မှာ ဤဥပဒေအရ လိုင်စင်ရရှိပြီး အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်သူကို ဆိုသည်။

(ဌ) ငွေချေးယူသူ(မြီစား) ဆိုသည်မှာ ဤဥပဒေအရ လိုင်စင်ရရှိသူ ထံမှ ငွေချေးယူသူကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အခြေခံလူတန်းစားတို့၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး၊လူမှုရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး စသည်တို့တွင် အထောက်အပံ့ ပြုရန်၊

(ခ) အခြေခံလူတန်းစားတို့၏ စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ အပြင် အိမ်တွင်း အသေးစားစီးပွားရေးလုပ်ငန်း အသစ်များ တိုးချဲ့လုပ်ကိုင်နိုင်စေရန်၊

(ဂ) အခြေခံလူတန်းစားတို့အနေဖြင့် အတိုးကြီးပေး၍ ငွေချေးယူနေ ရခြင်းမှ လွတ်မြောက် စေရန်၊

(ဃ) ငွေထုတ်ချေးသူ(မြီရှင်)တို့ ရသင့်ရထိုက်သော အကျိုးခံစားခွင့် များကို ဥပဒေနှင့်အညီ အပြည့်အဝ ရရှိခံစားနိုင်စေရန်၊

(င) ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်းကို ဥပဒေနှင့်အညီ စီမံ ခန့်ခွဲ ကြီးကြပ်လျက် ပြည်နယ်အစိုးရမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်။

## အခန်း(၃)
## ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း၊ ယင်းကော်မတီ၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ အစိုးရအဖွဲ့သည် ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ယင်းဝန်ကြီးဌာနလက်အောက်ရှိ ပြည်နယ်အဆင့်ဌာန သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်း ဝန်ထမ်းအကြီးအကဲ တစ်ဦးဦးအား အတွင်းရေးမှူးအဖြစ်ဆောင်ရွက်စေ၍ သင့်လျော်သော အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များပါဝင်သည့် ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်းကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းရမည်။

၅။ ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်သမ္မတရုံးကဖွဲ့စည်းသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီက ချမှတ်ပေးသော အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) လုပ်ငန်းကော်မတီကို ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်းဆိုင်ရာ မူဝါဒနှင့်လမ်းညွှန်ချက် များ ချမှတ်ပေးခြင်း၊

(ဂ) ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူများ လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဃ) ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ စိစစ်ခွင့်ပြုခြင်း၊

(င) စည်းကမ်းလိုက်နာမှု မရှိသော ပုဂ္ဂလိကအသေးစားငွေချေး လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူများအား စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊

(စ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ခြင်း။

၆။ ကြီးကြပ်မှုကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်လိုသူများ၏ လုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်လွှာများကို စိစစ်ပြီးနောက် လျှောက်လွှာ လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ယင်း လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ခ) အောက်ပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ပုဂ္ဂလိက အသေးစား ငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကို ရုပ်သိမ်း ရမည်-

(၁) မိမိသဘောဆန္ဒအလျောက် လုပ်ငန်းဖျက်သိမ်းခြင်း၊

(၂) ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ နှင့် လုပ်ငန်းကော်မတီက ထုတ်ပြန်သော စည်းကမ်းချက် များနှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

## အခန်း(၄)
## လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ လုပ်ငန်းတာဝန်များ

၇။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်သည့် ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီကို ဖွဲ့စည်းရမည်။

၈။ နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် ကော်မတီဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၉။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်လွှာများကို စိစစ်၍ ကြီးကြပ်မှု ကော်မတီသို့ တင်ပြခြင်း၊

(ခ) ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်းတွင် အသုံးပြုရမည့် စာရင်းပုံစံများကို သတ်မှတ်ခြင်း၊

(ဂ) ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း၊

(ဃ) ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်သူများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သတ်မှတ်ချက်များနှင့်အညီ ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊

(င) ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်းများ ရှင်သန် တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် လေ့ကျင့်သင်ကြားခြင်းနှင့် ပညာပေးခြင်း၊

(စ) ကြီးကြပ်မှုကော်မတီက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၅)
## လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်

၁၀။ ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီမှတစ်ဆင့် ကြီးကြပ်မှုကော်မတီသို့ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံနှင့်အတူ လျှောက်ထားရမည်။

၁၁။ လုပ်ငန်းလိုင်စင် လျှောက်ထားသူသည် လုပ်ငန်းအခြေအနေမှန်နှင့် စပ်လျဉ်း၍ အများပြည်သူက အစိပ္ပာယ်လွဲမှားစွာ ကောက်ယူစေနိုင်မည့် အမည်ကို အသုံးပြုသည်ဟု ကြီးကြပ်မှုကော်မတီက ယူဆလျှင် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ရမည်။

၁၂။ ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကြေးကို ကြီးကြပ်မှုကော်မတီသို့ သတ်မှတ်ချက်နှင့်အညီ ပေးသွင်းရမည်။

၁၃။ ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လိုင်စင်ထုတ်ပေးသည့်နေ့ကို လိုင်စင်သက်တမ်း စတင်သည့်နေ့ဟု သတ်မှတ်ရမည်။

၁၄။ လိုင်စင်ရရှိသူသည် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် ဖျက်သိမ်းလိုပါက တစ်လကြိုတင်လျှောက်ထားရမည်။

၁၅။ လိုင်စင်သက်တမ်းတိုးဆောင်ရွက်လိုပါက ကြီးကြပ်မှုကော်မတီသို့ လိုင်စင်သက်တမ်းမကုန်ဆုံးမီ တစ်လ ကြိုတင်လျှောက်ထားရမည်။
၁၆။ လိုင်စင်သက်တမ်းမှာ တစ်နှစ်ဖြစ်သည်။

## အခန်း(၆)
## ငွေချေးသူ(မြီရှင်)၏ တာဝန်နှင့်အခွင့်အရေးများ

၁၇။ ငွေချေးသူ(မြီရှင်)သည် ကြီးကြပ်မှုကော်မတီ၏သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ လိုင်စင်ကြေး ငွေကျပ် ငါးသောင်း ပေးသွင်းရမည်။ ငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင် သက်တမ်းတိုး လျှောက်ထားရာတွင် လည်း ကြီးကြပ်မှုကော်မတီ၏ သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ လိုင်စင်ကြေးငွေကျပ် ငါးသောင်း ပေးသွင်းရမည်။
၁၈။ ငွေချေးသူ(မြီရှင်)သည် ချေးငွေ ကျပ်တစ်ရာအပေါ်တွင် တစ်လလျှင် အတိုးနှုန်း နှစ်ကျပ် ငါးဆယ်ပြားထက် မပိုစေရ။
၁၉။ ငွေချေးသူ (မြီရှင်)သည် ငွေချေးယူသူတစ်ဦးအား ထုတ်ချေးငွေသည် ကျပ်ဆယ်သိန်းထက် မပိုစေရ။
၂၀။ ငွေချေးသူ(မြီရှင်)သည် ငွေချေးယူသူ တစ်ဦးအား ငွေချေးရာတွင် သတ်မှတ်ထားသော ငွေချေးမှတ်တမ်းပုံစံတွင် ပြည့်စုံစွာ ရေးသွင်းပြီး ငွေချေးရမည်။
၂၁။ ငွေချေးသူ(မြီရှင်)သည် ငွေချေးကြောင်း သက်သေခံအထောက်အထား ဖြစ်သော ငွေချေးမှတ်တမ်း၏ မိတ္တူမှန်ကို ငွေချေးယူသူ(မြီစား)အား ပေးအပ်ရမည်။

၂၂။ ငွေချေးသူ(မြီရှင်)သည် ငွေချေးယူသူထံမှ ဤဥပဒေပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းထားသည့် အတိုးနှုန်းကို အပြည့်အဝ ရခွင့်ရှိသည်။

၂၃။ ငွေချေးသူ (မြီရှင်)သည် ငွေချေးယူသူထံမှ လစဉ် သို့မဟုတ် ၆ လ တစ်ကြိမ် ကျသင့်သမျှ အတိုးငွေ အားလုံး တောင်းခံရယူခွင့် ရှိသည်။

၂၄။ ငွေချေးသူ(မြီရှင်)သည် ငွေချေးယူသူထံမှ ရရန်ကျန်ရှိသော အတိုးရော အရင်းပါ ချေးငွေ သက်တမ်းတစ်နှစ်ပြည့်သည့်အချိန်တွင် တောင်းခံရယူခွင့် ရှိသည်။

## အခန်း(၇)
## ငွေချေးယူသူ(မြီစား)၏ တာဝန်နှင့် အခွင့်အရေးများ

၂၅။ ငွေချေးယူသူ (မြီစား)သည် ဤဥပဒေ ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက် အတိုင်း ငွေချေးသူအား အပြည့်အဝ အတိုးပေးရန် တာဝန်ရှိသည်။

၂၆။ ငွေချေးယူသူ(မြီစား)သည် ဤဥပဒေပုဒ်မ ၂၃ ပါပြဋ္ဌာန်းချက်အတိုင်း ငွေချေးသူအားလစဉ် သို့မဟုတ် ၆လ တစ်ကြိမ် ကျသင့်သည့်အတိုးပေးရန် တာဝန်ရှိသည်။

၂၇။ ငွေချေးယူသူ(မြီစား)သည် ဤဥပဒေပုဒ်မ၂၄ပါပြဋ္ဌာန်းချက်အတိုင်း ငွေချေးသူအား တစ်နှစ်ပြည့်သည့်အချိန်တွင်ပေးရန်ကျန်ရှိသောအတိုးရော အရင်းပါ ပေးဆပ်ရန် တာဝန်ရှိသည်။

၂၈။ ငွေချေးယူသူ(မြီစား)သည် ချေးငွေချေးယူရာတွင် အိမ်ထောင်ဦးစီး ဖြစ်ကြောင်းနှင့် အိမ်ပိုင် ဝိုင်းပိုင်ဖြင့် အခြေတကျ နေထိုင်ကြောင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ကို တင်ပြရန် တာဝန်ရှိသည်။

၂၉။ ငွေချေးယူသူ(မြီစား)သည် နိုင်ငံသားဖြစ်ကြောင်း အထောက်အထား အဖြစ် အမျိုးသားမှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူမှန်ကို တင်ပြရန်တာဝန်ရှိသည်။

၃၀။ ငွေချေးယူသူ(မြီစား)သည် ဤဥပဒေပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းထားသည့် အတိုးနှုန်းဖြင့် ငွေချေးယူခွင့် ရှိသည်။

၃၁။ ငွေချေးယူသူ(မြီစား)သည် ဤဥပဒေပုဒ်မ ၂၁ပါ ပြဋ္ဌာန်းချက်အတိုင်း ငွေချေးသည့်အခါတွင် ငွေချေးသူထံမှ ငွေချေးကြောင်း သက်သေခံ အထောက်အထားဖြစ်သော ငွေချေးမှတ်တမ်း၏ မိတ္တူမှန်ကို ရယူခွင့် ရှိသည်။

## အခန်း(၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၂။ ကြီးကြပ်မှုကော်မတီသည် အခန်း ၅ နှင့် အခန်း ၆ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည့် လိုင်စင်ရရှိထားသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ် သို့မဟုတ် ပြစ်ဒဏ်တစ်ရပ်ထက် ပို၍ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးပေးဆောင်စေခြင်း၊

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် သက်တမ်းတိုးခြင်းကို ရပ်စဲခြင်း၊

(ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ဖျက်သိမ်းခြင်း။

၃၃။ ဥပဒေပုဒ်မ ၃၂ အရ အရေးယူခံရသူသည် ထုချေဖြေရှင်းခွင့်ရှိသည်။ ထို့ပြင် အရေးယူခံရသူသည် ချမှတ်သော ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ အမိန့်

ချမှတ်သည့် နေ့မှရက်ပေါင်း ၃၀အတွင်း အစိုးရအဖွဲ့ထံ အယူခံခွင့်ရှိသည်။ အယူခံနေစဉ်ကာလအတွင်း ပြစ်ဒဏ်ပေးမှုကို ရပ်ဆိုင်းထားရမည်။

၃၄။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၉)
## တားမြစ်ချက်များ

၃၅။ ငွေချေးသူ (မြီရှင်)သည် လိုင်စင်မရှိဘဲ ငွေချေးခြင်းမပြုရ။

၃၆။ လိုင်စင်ရရှိသူသည် ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ -

(က) လုပ်ငန်းတည်နေရာ ပြောင်းရွှေ့လုပ်ကိုင်ခြင်းမပြုရ။

(ခ) လိုင်စင်ကို လွှဲပြောင်းခြင်းမပြုရ ။

၃၇။ ငွေချေးသူတစ်ဦးက ကြွေးမြီပြန်လည်ရရှိရန်အတွက် တောင်းခံရာတွင် မည်သူ့မျှ နှောင့်ယှက်ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ဟန့်တားရန် အားပေးကူညီခြင်းမပြုရ ။

## အခန်း(၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၈။ ဤဥပဒေပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူအား ထောင်ဒဏ် ၆လ အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ငါးသောင်း အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၉။ ဤဥပဒေပုဒ်မ ၃၆ နှင့် ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ပါက ထိုသူအား ထောင်ဒဏ် ၃လ အထိဖြစ်စေ၊ ငွေဒဏ် ကျပ် သုံးသောင်း အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း(၁၁)
## အထွေထွေ

၄၀။ ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် ကိုယ်ပိုင်လုပ်ငန်းအမည်၊ ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် ဆောင်ရွက်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲခံနိုင်ခွင့်များ ရှိစေရမည်။

၄၁။ ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် အခွန်စည်းကြပ်မှုနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၄၂။ ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားသူသည် အောက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်နယ်အတွင်း လုပ်ငန်းအခြေတကျ လုပ်ကိုင်နေထိုင်သူ နိုင်ငံသားဖြစ်ရမည်။

(ခ) အရွယ်ရောက်ပြီးသူ ဖြစ်ရမည်။

(ဂ) ပြစ်မှုမကင်းသောလုပ်ငန်းလုပ်ကိုင်သူမဖြစ်စေရ။

(ဃ) စိတ်ပေါ့သွပ်သူမဖြစ်စေရ။

(င) သာသနာ့ဝန်ထမ်းမဖြစ်စေရ။

၄၃။ ဤဥပဒေပုဒ်မ ၃၉ ပါပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကိုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကြီးကြပ်မှုကော်မတီနှင့်လုပ်ငန်းကော်မတီသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

လဂျွန်ငန်ဆိုင်း
ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့